
3 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၅)
# နေရပ်စွန့်ခွာဒုက္ခသည်များ

## နေရပ်စွန့်ခွာ ဒုက္ခသည်အရေအတွက်





လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်အထိ စုစုပေါင်း **၈၁၁,၉၂၇ ဦးကျော်** ရှိလာသည်။ အဆိုပါ ပမာဏအနက် **၃၉၄,၇၂၇ ဦးကျော်**မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ယခင်တပတ်ကဖော်ပြခဲ့သော အချက်အလက်များအရ စစ်ပြေးဒုက္ခသည် အရေအတွက် **၃၆၁,၇၂၇ ကျော် (အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၆၁ ကိုရှု)** ရှိခဲ့ရာမှ ယခု **၃၉၄,၇၂၇ ကျော်**အထိ ရှိလာသဖြင့် တပတ်အတွင်း **၂၃,၀၀၀ ဦးကျော်** တိုးလာခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာ နောက်ဆုံးပတ်နှင့် ဒီဇင်ဘာ ပထမပတ်အတွင်း စစ်ကိုင်းတိုင်းမှ ဒေသခံပြည်သူ **၂၁,၀၀၀ ကျော်**နှင့် မကွေးတိုင်းမှ **၂,၀၀၀ ကျော်** ထပ်မံ၍ နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို
အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

3 December, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၅)
## နေရပ်စွန့်ခွာဒုက္ခသည်များ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒေသအလိုက်တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်





စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ အဆိုပါ အခြေအနေများကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူ ဒုက္ခသည်များတိုးလာပြီး ဆယ်လတာကာလအတွင်း စုစုပေါင်း **၃၈၄,၇၂၇ ဦးကျော်**အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်အများဆုံးရှိလာသည့်ဒေသမှာ ကယားပြည်နယ်ဖြစ်ပြီး စုစုပေါင်း **၁၁၀,၂၀၀ ကျော်** ရှိနေသည်။ စစ်ကိုင်းတိုင်းမှာ ဒုတိယအများဆုံးဖြစ်ပြီး စစ်ပြေးဒုက္ခသည်စုစုပေါင်း **၉၆,၂၅၀ ဦးကျော်** ရှိလာခဲ့သည်။ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ကျွန်းလှမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ဒီပဲယင်းမြို့နယ်များအတွင်း စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲပြင်းထန်ခဲ့ပြီး၊ အဆိုပါ မြို့နယ်များရှိ ကျေးရွာများမှ ဒေသခံ **၂၁,၀၀၀ ကျော်**မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၅)

## နေရပ်စွန့်ခွာဒုက္ခသည်များ




### ငါးလအတွင်းတိုးလာသည့် စစ်ပြေးဒုက္ခသည်များ

**၂၀၂၁ ခုနှစ် ဇူလိုင်မှ ဒီဇင်ဘာ ၂ ရက် အထိ ငါးလကျော်ကာလအတွင်း** ဖြစ်ပွားခဲ့သော တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများကြောင့် တိုးလာသည့် စစ်ပြေးဒုက္ခသည်များ၏ အရေအတွက်အခြေပြု တည်နေရာပြမြေပုံ ဖြစ်ပါသည်။ စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တို့အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းဖြစ်ပွားသော တိုက်ပွဲများ၊ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တို့အကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် ထပ်မံ၍ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ခဲ့ရခြင်း ဖြစ်သည်။ ယခုဖော်ပြထားသော တည်နေရာများသည် ဒုက္ခသည်များ နေရပ်စွန့်ခွာခဲ့ရသည့် မြို့နယ်တည် နေရာများကို ဖော်ပြထားခြင်းဖြစ်သည်။ အဆိုပါ အချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို ကိုးကားထားခြင်းဖြစ်ပြီး လက်တွေ့မြေပြင်အနေအထားတွင် ယခုထက် ပိုမိုများပြားနိုင်သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၅)
## နေရပ်စွန့်ခွာဒုက္ခသည်များ

### စစ်ပြေးဒုက္ခသည်များ အခြေအနေ (၂၀၂၁ ခုနှစ် နိုဝင်ဘာ)

**စစ်ကိုင်းတိုင်း**

နိုဝင်ဘာလအတွင်း စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ တဇယ်ချောင်းကျေးရွာအနီးတွင် စစ်ကောင်စီနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ မြေပြင်မှသာမက လေကြောင်းမှပါ စစ်ကြောင်းထိုးလာသောကြောင့် အနီးရှိ ကျေးရွာ ငါးရွာမှ **ဒေသခံ ၅,၀၀၀ နီးပါး** ထွက်ပြေးတိမ်းရှောင်နေရကြောင်း DVB သတင်းဌာန ဖော်ပြချက်အရ သိရသည်။ တဖန် ကျွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည်အနောက်ဘက် ကျေးရွာ ၁၁ ရွာခန့်ကို စစ်ကောင်စီဘက်မှ စစ်ကြောင်းထိုးမှုများ ရှိသောကြောင့် **ဒေသခံ ၅,၀၀၀ ကျော်** စစ်ဘေးရှောင်နေရကြောင်း ဖော်ပြထားပါသည်။ နိုဝင်ဘာ နောက်ဆုံးပတ်အတွင်း ဒီပဲယင်းမြို့နယ်မှ ကျေးရွာများတွင်လည်း စစ်ကောင်စီဘက်မှ ရဟတ်ယာဉ် အသုံးပြု၍ ပစ်ခတ်မှုများ ရှိသောကြောင့် ဒေသခံများ သေဆုံးမှုရှိပြီး၊ နေရပ်စွန့်ခွာထွက်ပြေးနေကြရသူ **၃,၀၀၀ ထက်မနည်း**ရှိကြောင်း သိရသည်။ ထို့အပြင် တန့်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် စစ်ကောင်စီဘက်မှ အင်အားတိုးမြှင့်ထားမှုများကြောင့် အဆိုပါကျေးရွာများမှ **ဒေသခံ ၅,၀၀၀ ထက်မနည်း** မှာလည်း ဘေးလွတ်ရာသို့ တိမ်းရှောင်နေရသည်ဟု Myanmar Now သတင်းဌာနက ဖော်ပြထားသည်။ ဒီဇင်ဘာ ၁ ရက်နေ့တွင်လည်း စစ်ကိုင်းတိုင်း၊ တန့်ဆည်နှင့် အရာတော်မြို့နယ်များမှ ဒေသခံများ၏ နေအိမ်များကို စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးမှုများ ရှိသောကြောင့် လူဦးရေ **၃,၀၀၀ ခန့်**မှာ ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရကြောင်း DVB သတင်းဌာနက ဖော်ပြထားသည်။

---

**မကွေးတိုင်း**

နိုဝင်ဘာလအတွင်း မကွေးတိုင်း၊ ဆောမြို့နယ်အတွင်း စစ်ကောင်စီနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အကြား တိုက်ပွဲဖြစ်ပွားမှု ပြင်းထန်ခဲ့ပြီး စစ်ကောင်စီဘက်မှ ရဟတ်ယာဉ်ဖြင့်ပါ စစ်ကူပေးမှုများ ရှိနေသည့်အတွက် အနီးရှိ ကျေးရွာများမှ **ဒေသခံ ၂,၀၀၀ ကျော်**ခန့်မှာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ဟု Myanmar Now သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

---

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။